# မြန်မာစစ်အုပ်စုကို အခွန်ငွေ၊ လေယာဉ်ဆီနှင့် နည်းပညာများ ပံ့ပိုးပေး ခဲ့ကြပြီး၊ ရာဇဝတ်မှုကြီးများတွင် အားပေးကူညီနေသည့် အာဆီယံအတွင်း ကုမ္ပဏီများ ၅၄ ခု

Justice For Myanmar ၏ ယနေ့ထုတ်ပြန်လိုက်သည့် အစီရင်ခံစာအရ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ၏ အဖွဲ့ဝင်နိုင်ငံများရှိ ကုမ္ပဏီ ၅၄ ခုတို့သည် မြန်မာစစ်အုပ်စု၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁ ရက်နေ့ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း စစ်အုပ်စုနှင့် ၎င်းတို့ထိန်းချုပ်ထားသည့် ကုမ္ပဏီများနှင့် စီးပွားရေးဆက်နွှယ်မှုများကို ဆက်လက်ထိန်းသိမ်းထားရှိသည်။

ယင်းစီးပွားရေးလုပ်ငန်းများမှ အချို့သည် ပထမဆုံးအကြိမ် ထုတ်ဖော်ခံရခြင်းဖြစ်ပြီး၊ ၎င်းတို့မှာ စစ်အုပ်စုထိန်းချုပ်ထားသည့် ရေနံနှင့်သဘာဝဓါတ်ငွေ့၊ သစ်လုပ်ငန်းကဏ္ဍ၊ မြေနေရာငှားရမ်းမှုနှင့် အခွန်ပေးချေမှုများမှတဆင့် အခွန်ဝင်ငွေများပံ့ပိုးပေးခြင်း၊ လေယာဉ်ဆီ၊ ဆက်သွယ်ရေးနှင့် စောင့်ကြည့်ထောက်လှမ်းရေး နည်းပညာများ ထောက်ပံ့ခြင်းတို့ဖြင့် ပြည်သူများအပေါ် စစ်အုပ်စု ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်စစ်ဆင်ရေးကို အားပေးကူညီခဲ့ကြသည်။

မြန်မာစစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင် သဘောတူညီခဲ့သည့် အကြမ်းဖက်မှုများအား ချက်ချင်းရပ်တန့်ရန် ဘုံသဘောထားငါးရပ်ငြိမ်းချမ်းရေးအစီအစဉ်ကို အာဆီယံဖော်ဆောင်လာခဲ့ရာ လေးနှစ်ကျော်အကြာတွင် စစ်အုပ်စုက အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အထူးသဖြင့် ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများရှိ ကုမ္ပဏီများနှင့် ၎င်းအစိုးရများ၏ ကြံရာပါ ပတ်သက်မှုဖြင့် အရပ်သားပြည်သူများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများကို အရှိန်တိုးမြှင့်၍သာ လုပ်ဆောင်လာခဲ့သည်။

အစီရင်ခံစာတွင် ဖော်ပြခံရသည့်ကုမ္ပဏီများတွင်

- **ထိုင်းနိုင်ငံ၏ အစိုးရတစ်စိတ်တစ်ပိုင်းပိုင် PTTEP** - ယင်းကုမ္ပဏီသည် စစ်အုပ်စုနှင့် မိတ်ဖက်ဆောင်ရွက်၍ အရေးပါသည့် ကမ်းလွန်ဓါတ်ငွေ့စီမံကိန်းကြီးနှစ်ခုကို ကြီးကြပ်လုပ်ကိုင်သည်။ မိခင်ကုမ္ပဏီ **PTT** ထံ ဓါတ်ငွေ့ရောင်းချမှုမှ ရရှိငွေများဖြင့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် ငွေကြေးထောက်ပံ့ လျက်ရှိသည်။
- **မလေးရှားရေနံတွင်းဝန်ဆောင်မှုကုမ္ပဏီ ENRA Group -** ယင်းကုမ္ပဏီသည် စစ်အုပ်စုအတွက် ဘဏ္ဍာငွေရှာဖွေပေးနေသည့် ရဲတံခွန်သဘာဝဓါတ်ငွေ့စီမံကိန်းအတွက် ဓါတ်ငွေ့သိုလှောင်မှုနှင့် ပို့လွှတ်မှု အဆောက်အအုံများ ပံ့ပိုးကူညီသည်။ ၂၀၂၃ နှင့် ၂၀၂၄ ခုနှစ်များ အတွင်း မြန်မာနိုင်ငံသည် ကုမ္ပဏီ၏ အဓိကဝင်ငွေရင်းမြစ် ဖြစ်ခဲ့သည်။
- **စင်ကာပူအခြေစိုက် Interra Resources -** ယင်းကုမ္ပဏီသည် ၂၀၂၁ ခုနှစ်တွင် စစ်အုပ်စုထံ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်ဖိုးရှိသည့် ရေနံစည်ပေါင်း သုံးသန်းကျော်အား ရောင်းချ ထောက်ပံ့ခဲ့ပြီး၊ စစ်အုပ်စု၏ အရပ်သားပြည်သူများအပေါ်ပစ်မှတ်ထားသော လေကြောင်းတိုက်ခိုက်မှုများနှင့် မြေပြင်စစ်ဆင်ရေးများအတွက် လောင်စာဖြည့် ကူညီခဲ့သည်။
- **ဗီယက်နမ်နိုင်ငံပိုင်ကုမ္ပဏီ Viettel Global Investment -** ယင်းကုမ္ပဏီသည် Mytel ဆက်သွယ်ရေးကွန်ရက်တွင် ဒဏ်ခံပိတ်ဆို့ခံထားရသည့် စစ်အုပ်စုစီးပွားရေးလုပ်ငန်းစုကြီး မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) နှင့် မိတ်ဖက်ဆောင်ရွက်ပြီး၊ စစ်အုပ်စုအတွက် အခွန်ဝင်ငွေသာမက ထောက်လှမ်းရေးစွမ်းဆောင်နိုင်မှုများကိုလည်း ပေးအပ်လျက်ရှိသည်။
- **စင်ကာပူ သစ်လုပ်ငန်းကုမ္ပဏီများဖြစ်ကြသည့် Greenply Alkemal, Natural Forest နှင့် Valency -** တို့၏ မြန်မာကုမ္ပဏီခွဲများသည် စစ်အုပ်စု ထိန်းချုပ်ထားသည် မြန်မာ့သစ်လုပ်ငန်းထံမှ သစ်များဝယ်ယူခဲ့ပြီး၊ ၂၀၂၁ မှ ၂၀၂၃ ခုနှစ် အတွင်း အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် တန်ဖိုးရှိ သစ်ထုတ်ကုန်များ တင်ပို့ခဲ့သည်။

- **မလေးရှားနိုင်ငံ၏ MAMEE-Double Decker နှင့် ထိုင်းနိုင်ငံ၏ CP Group -** ယင်းကုမ္ပဏီများ သည် စစ်အုပ်စုစီးပွားရေးလုပ်ငန်းစုကြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က ထိန်းချုပ်ထားသည့် ပျဉ်းမပင်စက်မှုဇုန်တွင် ကုန်ထုတ်လုပ်ရေးစက်ရုံများ ရှိသည်။
- **စင်ကာပူကုမ္ပဏီ Krislite Group -** ယင်းကုမ္ပဏီသည် စစ်အုပ်စုစီးပွားရေးလုပ်ငန်းစုကြီး MEC ထံမှ ငှားရမ်းထားသော မြေနေရာပေါ်တွင် အိမ်ခြံမြေစီမံကိန်းတစ်ခုဖြစ်သော New Strand ကို ဖော်ဆောင်သူဖြစ်သည်။

တို့ ပါဝင်သည်။

စစ်အုပ်စုထံ ဘဏ္ဍာငွေနှင့် လေယာဉ်ဆီများ ပေးအပ်ရာတွင် အာဆီယံအခြေစိုက်စီးပွားရေးလုပ်ငန်း များနှင့် အဖွဲ့ဝင်အစိုးရများ၏ အရေးပါသည့် ပါဝင်ပတ်သက်မှုများသည် စစ်အုပ်စုထံ လက်နက်နှင့်လေယာဉ်ဆီ တင်ပို့မှုများအား ပိတ်ပင်ရေး၊ အခွန်ငွေစီးဆင်းမှုများအား ရပ်တန့်ရေး အရေးယူဆောင်ရွက်ရန် အာဆီယံအဖွဲ့အစည်းများ၏ ပျက်ကွက်ခဲ့ခြင်းကြောင့်သာ ဖြစ်သည်။

အစိုးရများအကြား ဖွဲ့စည်းထားသည့် အာဆီယံ၏ မြန်မာ့အကျပ်အတည်းအား ဖြေရှင်းရာတွင် ဦးဆောင်မှုအခန်းကဏ္ဍတွင် ရှိမည်ဟူသော ကြွေးကြော်ချက်သည် ကြောင်သူတော်ဆန်စွာဖြင့် စစ်အုပ်စုအားမှားယွင်းသော နိုင်ငံရေးတရားဝင်မှုကို ပေးအပ်ပြီး၊ စစ်ဘက်ဆိုင်ရာ လေ့ကျင့်သင်ကြားပေးနေမှုများကြောင့် မြန်မာနိုင်ငံတွင်း အခြေအနေများကို ပိုမိုဆိုးရွား သွားစေခဲ့ရုံသာမက နိုင်ငံတကာ၏ အရေးယူဆောင်ရွက်မှုများကိုပါ ဟန့်တားနှောက်ယှက်ခဲ့သည်။

အာဆီယံအဖွဲ့ဝင်အစိုးရများအနေဖြင့် စစ်အုပ်စု၏ ဘဏ္ဍာငွေ၊ စစ်လက်နက်၊ စက်ပစ္စည်းကိရိယာ၊ နည်းပညာနှင့် လေယာဉ်ဆီရရှိနေမှုအား အမြန်ဆုံးဖြတ်တောက်ရန် Justice For Myanmar က တောင်းဆိုသည်။ စီးပွားရေးကုမ္ပဏီများအနေဖြင့် စစ်အုပ်စုထံ ငွေပေးချေမှုအားလုံးကို ဖြတ်တောက်ရမည်ဖြစ်ပြီး၊ လေယာဉ်ဆီရောင်းချပေးမှုအား ရပ်တန့်ရမည် ဖြစ်သည်။ ယင်းလေယာဉ်ဆီများ ကြောင့် စစ်ကိုင်းတိုင်းအတွင်းရှိ စာသင်ကျောင်းတစ်ကျောင်းမှ ကလေးသူငယ် ၂၂ ဦးနှင့် ဆရာမ ၂ ဦးအား သတ်ဖြတ်ခဲ့သည့် မေလအတွင်း

လေကြောင်းတိုက်ခိုက်မှုတစ်ခုကဲ့သို့သော ရက်စက်ကြမ်းကြုတ်လှသည့် လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်နိုင်ခြင်း ဖြစ်သည်။

အာဆီယံအနေဖြင့် အရပ်ဘက်အဖွဲ့အစည်းများ တောင်းဆိုထားသည့်အတိုင်း မြန်မာလူထုကိုယ်တိုင် ဦးဆောင်သည့် ဖြေရှင်းနည်းလမ်းကြောင်းအား ပံ့ပိုးကူညီရန်အတွက် မအောင်မြင်သည့် ဘုံသဘောထားငါး ရပ်ကို ကျော်လွန်၍ ချဉ်းကပ်လုပ်ဆောင်ရမည် ဖြစ်သည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "ကော်ပိုရိတ်တွေရဲ့ ကြံရာပါမှုကိုဖြေရှင်းဖို့ အာဆီယံရဲ့ ပျက်ကွက်မှုက စစ်အုပ်စုကို သူတို့ရဲ့အကြမ်းဖက်စစ်ဆင်ရေးတွေ တိုးမြှင့်လုပ်ဆောင်ခွင့် ပြုခဲ့တာ ဖြစ်ပါတယ်။ စစ်အုပ်စုအကြမ်းဖက်စစ်ဆင်ရေးအတွင်း အရပ်သား ပြည်သူ ထောင်ပေါင်းများစွာကို သတ်ဖြတ်ခဲ့ပြီး၊ သန်းပေါင်းများစွာကို နေရပ်စွန့်ခွာစေခဲ့တာ ဖြစ်ပါတယ်။

နိုင်ငံတကာဒဏ်ခတ်ပိတ်ဆို့မှုတွေက စစ်အုပ်စုကို ဖယ်ကျဉ်ဖို့ကြိုးပမ်းနေချိန်မှာ အာဆီယံဒေသတွင်း ကုမ္ပဏီတွေက စစ်အုပ်စုစီးပွားရေးလုပ်ငန်းစုကြီးတွေ၊ စစ်အုပ်စုထိန်းချုပ်မှုအောက်က တရားမဝင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတွေနဲ့ ပုံမှန်အတိုင်း စီးပွားဆက်လုပ်ကိုင်နေကြပြီး၊ စစ်အုပ်စုရဲ့ဘဏ္ဍာငွေတွေနဲ့ လေယာဉ် ဆီရနေတာကို ပိတ်ပင်ဖို့အတွက် ကြိုးစားအားထုတ်မှု သေးသေးလေးကိုတောင် ထိခိုက်ပျက်ပြားစေခဲ့တာ ဖြစ်ပါတယ်။

လျှောင်ကြီးလှုပ်ခတ်အပြီး မြန်မာနိုင်ငံမှာ မြေပြင်အခြေအနေတွေက ပိုပြီးတော့ ဆိုးရွားလာပါတယ်။ စစ်အုပ်စုရဲ့ တုန့်ပြန်မှုကတော့ အရပ်သားပြည်သူနေထိုင်ရာနေရာတွေမှာ အဆက်မပြတ် ဗုံးကြဲမှုတွေနဲ့ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွေ ပိုပြီးလုပ်ဆောင်လာတာ ဖြစ်ပါတယ်။

မလေးရှားနိုင်ငံမှာ အာဆီယံခေါင်းဆောင်တွေ စုဝေးကြချိန် သူတို့အနေနဲ့ ကိုယ့်အချုပ်အခြာအတွင်း လည်ပတ်လုပ်ကိုင်နေကြတဲ့ ကုမ္ပဏီတွေက ပံ့ပိုးကူညီနေတဲ့ ဘဏ္ဍာငွေနဲ့ လေယာဉ်ဆီ လမ်းကြောင်းကို ရပ်တန့်တာအပါအဝင် မြန်မာစစ်အုပ်စုအတွက် ပံ့ပိုးကူညီမှုပုံစံအားလုံးကို ရပ်တန့်ပြီး လူ့အခွင့်အရေးအတွက် ပြတ်ပြတ်သားသား ရပ်တည်ရမှာ ဖြစ်ပါတယ်။

အာဆီယံအနေနဲ့ အရေးယူဆောင်ရွက်မှု လုပ်ကိုလုပ်ရပါမယ်။ မြန်မာပြည်သူတွေရဲ့ အခွင့်အရေးတွေနဲ့ ဒီမိုကရေစီလိုလား တောင့်တမှုအပေါ် လေးစားတန်ဖိုးထားရမှာဖြစ်ပြီး မြန်မာစစ်အုပ်စုနဲ့ ကြံရာပါမှုကို ရပ်တန့်ဖို့ အချိန်တန်ပါပြီ” ဟု ပြောကြားခဲ့သည်။

## ပိုမိုသိရှိရန်

အစီရင်ခံစာအား ယခုနေရာတွင် ဖတ်ရှုနိုင်ပါသည်။

Justice For Myanmar သည် သုတေသနပြုလေ့လာခြင်း၊ ဒေတာအချက်အလက်များကို ပုံဖော်ခြင်းနှင့် အစီရင်ခံခြင်းတို့ဖြင့် ရက်စက်ကြမ်းကြုတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် ကျယ်ပြောလှသည့် အတိဒုက္ခရောက်မှုများမှ အကျိုးအမြတ်ရရှိနေသော ကုမ္ပဏီများနှင့် ရာဇဝတ်ကောင်များကို ဖော်ထုတ်ရန်အတွက် ဆောင်ရွက်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်သည်။

**media@justiceformyanmar.org | https://www.justiceformyanmar.org/**

**https://bsky.app/profile/justiceformyanmar.org |**

**https://www.facebook.com/justiceformyanmar.org/**